ပုံစံ(၁၁)

ခုံသမာဓိကောင်စီ
ခုံအဖွဲ့၏ဆုံးဖြတ်ချက်
{ နည်းဥပဒေ ၂၃(စ) }
ခုံအဖွဲ့
၂၀၁၄ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၃၉/၂၀၁၄)

| | |
|---|---|
| Mr.Sung Tsung Hsu(ပိုင်ရှင်)<br>General Enterprise အထည်ချုပ်စက်ရုံ<br>အမှတ်(၅၉)၊ကနောင်မင်းသားကြီးလမ်း၊<br>ဒဂုံအရှေ့စက်မှုဇုန်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဒေါ်အေးအေးမိုး(ကုန်ထုတ်မန်နေဂျာ)<br>ခ/၂၅၀၉၊မဏိစည်သူလမ်း၊၇၁-ရပ်ကွက်<br>ဒဂုံမြို့သစ်(တောင်ပိုင်း)။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံအရှေ့စက်မှုဇုန်၊ ကနောင်မင်းသားကြီးလမ်း၊ အမှတ်(၅၉)ရှိ General Enterprise အထည်ချုပ်စက်ရုံ (ပိုင်ရှင်) Mr.Sung Tsung Hsu နှင့် အလုပ်သမား ဒေါ်အေးအေးမိုး တို့ဖြစ်ပွားသော အငြင်းပွားမှုတစ်ရပ်ကို ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေး ဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၆၇/၂၀၁၄)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ က တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ပြန်လည်ရရှိလိုကြောင်း တောင်းဆိုခြင်းမှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် အဆိုပါခုံသမာဓိအဖွဲ့က ကောက်ချက်(၁)ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုသူမှ အောက်ပါကောက်ချက်အပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည် -

ကောက်ချက်အမှတ်(၁)။ အလုပ်ထုတ်ခံရသဖြင့်ပြန်လည် လုပ်ကိုင်ခွင့်ရရှိရေး ဆောင်ရွက်ပေးရန်(သို့မဟုတ်)လုပ်သက်နစ်နာကြေးနှင့် လျော်ကြေးများပေးအပ်ရန် တောင်းခံခြင်း။

15.12.2014

**ဆုံးဖြတ်ချက်အမှတ်(၁)။** အလုပ်ရှင်မှကုန်ထုတ်မန်နေဂျာ ဒေါ်အေးအေးမိုးအား အလုပ်ရပ်စဲခြင်းအတွက် နို့တစ်ကြေး(၁)လစာ နှင့် အလုပ်ရပ်စဲမှုနစ်နာကြေး (၄) လစာ စုစုပေါင်း(၅)လစာပေးရန်ဆုံးဖြတ်သည်။

| စဉ် | အမည် | နို့တစ်ကြေး+အလုပ်ရပ်စဲမှုနစ်နာကြေး | စုစုပေါင်း |
|---|---|---|---|
| ၁။ | ဒေါ်အေးအေးမိုး | ၁၀၀၀၀၀၀ိ/-+၄၀၀၀၀၀၀ိ/- (ကျပ်ဆယ်သိန်းတိတိ/-) + (ကျပ်လေးဆယ်သိန်းတိတိ/-) | ၅၀၀၀၀၀၀ိ/- (ကျပ်ငါးဆယ်သိန်းတိတိ/-) |

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ (၆၇/၂၀၁၄)ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိသဖြင့် ပိုင်ရှင် Mr.Sung Tsung Hsu (၂၆-၁၁-၂၀၁၄) ရက်နေ့တွင် ခုံသမာဓိကောင်စီသို့လျှောက် ထားလာသဖြင့် အမိန့်ကြော်ငြာစာအမှတ်(၅၈/၂၀၁၄)ဖြင့် ခုံသမာဓိကောင်စီအမှုအမှတ် (၃၉/၂၀၁၄)အား ကြားနာစစ်ဆေးမည့်ခုံအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းတာဝန်ပေးအပ်ပါသည် -

| စဉ် | အမည် | |
|---|---|---|
| (က) | ဦးအောင်စံတင် | ဥက္ကဋ္ဌ |
| (ခ) | ဦးဌေးအောင် | အဖွဲ့ဝင် |
| (ဂ) | ဒေါ်စန်းစန်းဦး | အဖွဲ့ဝင် |

၆။ ဤခုံအဖွဲ့မှအမှုတွဲကို လက်ခံရရှိပြီးနောက် ၁၅-၁၂-၂၀၁၄ ရက်နေ့တွင် စုံညီရုံးထိုင်၍ တောင်းဆိုသူ နှင့် တောင်းဆိုခြင်းခံရသူများ၏ နှစ်ဘက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှတ်တမ်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့မှတ်တမ်းနှင့် တင်ပြလာသော စာ ရွက်စာတမ်းအထောက်အထားများ၊ စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်းကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည် -

**ကောက်ချက်အမှတ်(၁)။** ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ ခုံသမာဓိကောင်စီသို့လျှောက်ထားခြင်းဖြစ်သည်။

**သုံးသပ်ချက်အမှတ်(၁)။ ။** (က) ဒေါ်အေးအေးမိုးသည် (၁-၁၀-၂၀၁၁)တွင် အလုပ်စတင်ဝင်ရောက်ခဲ့ကြောင်း၊ယခု(၈/၂၀၁၄)လမှုရင်းလစာမှာ ကျပ် ၇၈၃၃၀ိ/- ဖြစ်ကြောင်း၊ဒေါ်အေးအေးမိုး၏ အလုပ်နှုတ်ထွက်လွှာ တင်ပြချက်အရ အလုပ်ထွက်သည့်လဖြစ်သည့် ဩဂုတ်လ အတွက် မူရင်းလစာ ကျပ် ၇၈၃၃၀ိ/- နှင့် ကရုဏာကြေးပါပေါင်း၍ ကျပ်(၁၀)သိန်းထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ယခင်ထုတ်ယူပြီးသည့် ၂၀၁၄ခုနှစ် ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်လစာ ငွေစာရင်းများအရ မူရင်းလစာကို ကျပ်(၁၀)သိန်းထုတ်ပေးရခြင်း မရှိကြောင်းစိစစ်တွေ့ရှိရသည်။

(ခ) ဒေါ်အေးအေးမိုးကိုယ်တိုင် နှုတ်ထွက်စာတင်သွင်းခဲ့ခြင်းဖြစ်သော် လည်း နောက်တစ်နေ့တွင် နှုတ်ထွက်စာကို Superများက ပြန်တောင်းရာ GMဖြစ်သူ Mr.Ray Chen ကပြဿနာမကြီးထွားစေလို၍ ပြန်ပေးသဖြင့် Superများက ယင်းနှုတ်ထွက်စာကို အများရှေ့တွင်ဆုတ်ဖြဲခဲ့ပြီး ဒေါ်အေးအေးမိုးအား အလုပ်ပြန်လုပ်ခွင့်ပြုရန်

15-12-2014

တောင်းဆိုခဲ့ကြကြောင်း၊ (၁-၉-၂၀၁၄)နေ့တွင် ဒေါ်အေးအေးမိုး အလုပ်ပြန်တက်သည်ကို အလုပ်ရှင်ဘက်က တားမြစ်ခြင်းမရှိသဖြင့် ဒေါ်အေးအေးမိုး၏ အလုပ်မှ နှုတ်ထွက်လွှာမှာ ပျက်ပြယ်သွားသည်ဟု သုံးသပ်ရရှိသည်။

(ဂ) ဒေါ်အေးအေးမိုးသည် (၃-၉-၂၀၁၄)ရက်နေ့တွင် ခွင့်မဲ့ပျက်ကွက်၍ (၄-၉-၂၀၁၄)နေ့တွင် အလုပ်ပြန်တက်သည်ကို ခွင့်မပြုတော့ဘဲ အလုပ်သမားရုံးသို့ တင်ပြဖြေရှင်းရာတွင်လည်း ပြေလည်မှုမရရှိတော့မှ မိမိဆန္ဒအရအလုပ် မှနှုတ်ထွက်ခွင့်ပြုကြောင်းစာထုတ်ပေးသည်မှာ ရှေ့နောက်ညီညွတ်မှုမရှိကြောင်း သုံးသပ်ရရှိ သည်။

(ဃ) သို့ဖြစ်ရာ ဒေါ်အေးအေးမိုးအား နို့တစ်ကြေးနှင့်အလုပ်မှရပ်စဲမှုနစ်နာကြေးကို ထုတ်ပေးသင့်ကြောင်းနှင့် မူရင်းလစာနှုန်းကို အခြေခံ ၍ထုတ်ပေးသင့်ကြောင်း သုံးသပ်ရရှိသည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အမှတ်(၁)ကို အောက်ပါပြင်ဆင်ချက်ဖြင့် အတည်ပြုလိုက်သည် -

အလုပ်သမား ကုန်ထုတ်မန်နေဂျာ ဒေါ်အေးအေးမိုးအား အလုပ်ရပ်စဲခြင်း အတွက်မူရင်းလစာ ကျပ်-၇၈၃၃၀၀ိ/- နှုန်းဖြင့် နို့တစ်ကြေး တစ်လစာ ကျပ်-၇၈၃၃၀၀ိ/- နှင့် အလုပ်ရပ်စဲမှုနစ်နာကြေး ၄ လစာ ကျပ်-၃၁၃၃၂၀၀ိ/-၊ စုစုပေါင်း ကျပ်- ၃၉၁၆၅၀၀ိ/- ကို အလုပ်ရှင်မှ ပေးရန် ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၇။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ခုနှစ် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေပုဒ်မ ၂၉ အရ အဆိုပါငွေကို မြေခွန်မပြေကျန်ငွေကဲ့သို့အရကောက်ခံရမည်။

| | | |
|---|---|---|
| ၁၅၊၁၂၊၁၄ | | 15.12.2014 |
| ဦးငွေအောင် | ဦးအောင်စံတင် | ဒေါ်စန်းစန်းဦး |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |